ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ၊ ၂ / ၂၀၁၅

နေပြည်တော် ၊ ၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလဆန်း ( ၁၃ ) ရက်

၂၀၁၅ ခုနှစ် ၊ ဇွန်လ ( ၂၉ ) ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက်အမှတ် ၂/၂၀၁၅ ကိုထုတ်ပြန်လိုက်သည်။

၂။ ၂၅-၅-၂၀၁၅ ရက်နေ့တွင်ကျင်းပသည့် အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်တွင်း အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား ချေးငွေရယူခွင့်ပြုခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

(က) ပြည်တွင်းအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ချေးငွေရယူခွင့်ပြုခြင်း။
ပြည်တွင်း အသေးစား ငွေရေး ကြေးရေး အဖွဲ့အစည်းများသည် အောက်ပါ စည်းကမ်းချက် များနှင့်အညီ ငွေချေးယူခွင့်ရှိသည်-

(၁) ပြည်တွင်းအသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် မြန်မာ့မိုက်ခရိုဖိုင်းနန့်စ်ဘဏ်(Myanma Microfinance Bank) ထံမှလည်းချေးငွေရယူနိုင်သည်။

(၂) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၁၃-၁၀-၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက် အမှတ် (၃/၂၀၁၄) ဖြင့်ထုတ်ပြန်ထားသော ညွှန်ကြားချက် ၂ ၊ ခ(၁) (ခခ)နှင့် ၂ ၊ ခ(၃)တို့ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၃။ အထက်ပါ သတ်မှတ်ချက်များကို ဈေးကွက်အခြေအနေနှင့်အညီ လိုအပ်ပါက ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်သည်။

ဝင်းရှိန်

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ် ၊ ကက-၁/၆( ၀၄၉ /၂၀၁၅)

ရက် စွဲ ၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်

ဖြန့်ဝေခြင်း

ဥက္ကဋ္ဌ ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
နေပြည်တော်ကောင်စီ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများအားလုံး ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

29/6/2015
(ဝင်းအောင်)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ